# မြန်မာနိုင်ငံတွင်အားလုံးပါဝင်ဆောင်ရွက်နိုင်သောငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် UNDP Normal Country Program နှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် MAP Project နှင့် Micro lead Project အရ အားလုံးပါဝင်ဆောင်ရွက်နိုင်သော ငွေရေးကြေးရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို UNDP-UNCDF နှင့် Lift Funds တို့၏အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ (Myanmar Financial Inclusion Roadmap) နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ Microlead Programme ကို UNCDF က ၂၀၀၈ ခုနှစ်တွင်စတင်ခဲ့ပြီး ရည်ရွယ်ချက်မှာ ငွေကြေးအထောက်အပံ့ရရှိမှု ကန့်သတ်ချက်များနှင့် ငွေကြေးဝန်ဆောင်မှု ရရှိရန်ခက်ခဲသောဒေသများအတွက် ငွေကြေးရန်ပုံငွေ ထောက်ပံ့မှုများပေးရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံတွင် Microlead တိုးချဲ့အစီအစဉ်၏ ရည်ရွယ်ချက်မှာ ၂၀၁၃ ခုနှစ် မှ ၂၀၁၆ ခုနှစ် အတွင်း မြန်မာနိုင်ငံရှိဝင်ငွေနည်း ငွေချေးသူတစ်သိန်းကျော်ကို ချေးငွေများနှင့် ငွေကြေးဆိုင်ရာ အသိအမြင်များ၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိစေရန် ရည်ရွယ်ပါသည်။

၂။ နိုင်ငံတော်အစိုးရနှင့် UNDP တို့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Normal Country Program သည် ၈-၄-၂၀၁၃ ရက်နေ့တွင် UNDP နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် စတင်ခဲ့ပြီး Country Programme Action Plan (2013-2015) များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ UNDP ၏ Normal Country Program အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် မဏ္ဍိုင် (၁) ၊ ရလဒ် (၄) အောက်တွင် (Strengthened Institutional Capacity of Institutions to support Sustainable Livelihoods and Reintegration Programmes) အဖွဲ့အစည်းများ၏ အရည်အသွေး တည်ဆောက်မှုအပိုင်းတွင် ရေရှည်ရပ်တည်ရေးနှင့် တောင့်တင်းခိုင်မာရေးအတွက် တွန်းအားပေး ဆောင်ရွက်ရန်ဟူသော ခေါင်းစဉ်အောက်တွင် Making Access Possible (MAP) စီမံကိန်းနှင့် Microlead စီမံကိန်းများကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ UNCDF က မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ၏ Microlead Programme ပြီးမြောက်အောင်ဆောင်ရွက်ရေးအတွက် LIFT Funds အဖွဲ့အစည်းသို့ လုပ်ငန်းစီမံချက်ကို တင်ပြခဲ့ပြီး LIFT Funds Board အဖွဲ့က အဆိုပါစီမံချက်ကို သဘောတူညီခဲ့ပြီး

၂၀၁၃ ခုနှစ်နိုဝင်ဘာလ (၁) ရက်နေ့တွင် ကုန်ကျစရိတ်မျှဝေသုံးစွဲမှုဆိုင်ရာ သဘောတူညီချက်များကို UNCDF နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေးနှင့် ပတ်သက်သည့် အစီအစဉ်ကို ရေရှည်တည်တံ့ခိုင်မြဲသော အလုပ်အကိုင်များရရှိရန် ထောက်ကူမည့် အသင်းအဖွဲ့များ၏အရည်အသွေးတိုးတက်မှုနှင့်ဆိုင်သော Pillar (I) ရလာဒ်များအရ ဆောင်ရွက်ခဲ့ပြီး UNCDF အနေဖြင့် ပူးတွဲအစီအစဉ် အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ UN လမ်းညွှန်ချက်နှင့်အညီ UNDP နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂအရင်းအနှီးဖွံ့ဖြိုးမှုရန်ပုံငွေတို့၏ ပူးပေါင်းဆောင်ရွက်ချက် အနေဖြင့် "ငွေကြေးဆိုင်ရာလက်လှမ်းမီမှုမြန်မာနိုင်ငံဆိုင်ရာလေ့လာတွေ့ရှိချက်အစီရင်ခံစာ"ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

၄။ ပထမအကြိမ် MAP survey အား ၂၀၁၄ ခုနှစ်တွင် UNDP normal country program အရ ဆောင်ရွက်ခဲ့ရာ အဆိုပါ MAP survey ၏တွေ့ရှိချက်များအပေါ် အခြေခံ၍ အားလုံး ပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းပြမြေပုံ (2014-2020) ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) (Myanmar Financial Inclusion Roadmap: 2014-2020) နှင့် စပ်လျဉ်း၍ ဖွင့်လှစ်သည့် အခမ်းအနားကို ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး နယ်သာလန်နိုင်ငံ မိဖုရား Queen Maxima တက်ရောက်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးကဏ္ဍ၊ MSME နှင့် ဝင်ငွေနည်းအိမ်ထောင်စုများသို့ ငွေကြေးထောက်ပံ့ရေး လုပ်ငန်းစဉ်များကို အဓိကဦးတည်ချက်ထား ဆောင်ရွက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံ၏ ငွေကြေးကဏ္ဍတွင် ရောင်းလိုအား၊ ဝယ်လိုအားနှင့် စည်းမျဉ်းသတ်မှတ်ခြင်းဆိုင်ရာလေ့လာဆန်းစစ်မှုများသည် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေးတွင် များစွာအထောက်အကူဖြစ်စေပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကြီးကြပ်မှုကော်မတီဖြင့် လမ်းပြမြေပုံအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် MAP သုတေသန တွေ့ရှိချက်အရ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး ပါဝင်မှုအဆင့်သည် ၂၀၁၄ တွင် ၃၀% နှင့် ဝန်ဆောင်မှု အမျိုးအစားတစ်ခုထက် ပိုမိုအသုံးပြုသူများကို ၆% ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) ကို မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး ပါဝင်မှုအဆင့်သည် ၂၀၁၄ ခုနှစ်

တွင် ၃၀% ရှိရာမှ ၂၀၂၀ ခုနှစ် တွင် ၄၀% သို့ တိုးမြှင့်သွားရန်နှင့် ဝန်ဆောင်မှု အမျိုးအစား တစ်ခု ထက်ပိုမိုအသုံးပြုမှုကို ၆% မှ ၂၀၂၀ ခုနှစ်တွင် ၁၅ % သို့ တိုးမြှင့်ပေးရန်၊ နိုင်ငံတကာ အသိအမှတ် ပြုထားသော တာဝန်ရှိ ငွေရေးကြေးရေးဝန်ဆောင်မှု စံနှုန်းနှင့်အညီ စရိတ်တတ်နိုင်ပြီး အရည် အသွေးကောင်းမွန်ထိရောက်သော ငွေရေးကြေးရေးဝန်ဆောင်မှု များကိုပါဝင်ပတ်သက်သူ အားလုံး က ပေါင်းစည်းပါဝင်သည့် ပုံစံဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်ဟူသော ရည်မှန်းချက် ထားရှိခဲ့ပြီး အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ (Financial Inclusion Roadmap 2014-2020) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းပြမြေပုံ ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင် ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်သည့် လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင် ကော်မတီအပြင် Bank ၊ Non-Bank နှင့် Policy Working Groups ဟူ၍ လုပ်ငန်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၆။ လမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) ၏ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ငွေရေးကြေးရေး ကဏ္ဍအား ကောင်းလာစေရေး ဈေးကွက်တည်ဆောက်ရန်နှင့် ငွေကြေးဝန်ဆောင်မှု ပေးသူများ များပြားလာစေရေးဆောင်ရွက်ရန်နှင့် ငွေရေးကြေးရေးပါဝင်နိုင်မှု တိုးမြှင့်လာစေရေး ဆောင်ရွက် ရန်ဟူ၍ Outcomes (၂) ခု သတ်မှတ်ထားပြီး ၎င်းတို့အောက်တွင် ဝင်ငွေနည်း ပြည်သူများကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍဈေးကွက် ခိုင်မာအားကောင်းစေရန် လုပ်ငန်းစဉ် စုစုပေါင်း (၂၁) ရပ်ကို ချမှတ်ကာ ဆောင်ရွက်ခဲ့ပါသည်။ လမ်းပြမြေပုံသည် လက်ရှိ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်အကောင်အထည်ဖော် ဆောင်ရွက် နေသည့် မြန်မာ နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံချက် ၂၀၁၈ - ၂၀၃၀ ၏ ပန်းတိုင်(၁)ပန်းတိုင် (၈) နှင့် ပန်းတိုင်(၁၇)တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ (၁၂) ချက် အနက် နံပါတ် စဉ် (၈) ကို လည်း ကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း စီမံချက် (၈) ချက်အနက် နံပါတ်စဉ် (၃)၊ (၄)၊ (၅)နှင့် (၆) တို့ကို လည်းကောင်း အထောက်အပံ့ ပြုနေပါသည်။

၇။ လမ်းပြမြေပုံ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို သုံးသပ်တိုင်းတာနိုင်ရန်အတွက် ၂၀၁၈ခုနှစ်အတွင်း 2018 MAP Refresh Survey ကို မြို့နယ်ပေါင်း ၂၉၆ မြို့နယ်ရှိ အိမ်ထောင်စု ပေါင်း ၅၅၀၀ အား သုတေသနပြုခဲ့ပါသည်။ အဆိုပါ Survey တွင် ဦးတည်အုပ်စုများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ ငွေရေးကြေးရေးကဏ္ဍဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို လေ့လာဖော်ထုတ် ခြင်းနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သုတေသန စစ်တမ်း ကောက်ယူမှုရလဒ်မှာ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးပါဝင်မှုနှုန်းသည် ၂၀၁၈ ခုနှစ် တွင်

၄၈% နှင့် ဝန်ဆောင်မှုတစ်မျိုးထက်ပို၍ အသုံးပြုမှုသည်လည်း ၁၇% ရှိကြောင်း တွေ့ရှိရပြီး မူလရည်မှန်းထားသည့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး ပါဝင်နိုင်မှု နှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၃၀% ရှိရာမှ ၂၀၂၀ ခုနှစ် တွင် ၄၀% သို့ တိုးမြှင့်သွားရန်နှင့် တရားဝင်ငွေရေးကြေးရေး ဝန်ဆောင်မှု အမျိုးအစားတစ်ခုထက် ပို၍အသုံးပြုမှုသည်လည်း ၂၀၁၄ ခုနှစ်တွင် ၆% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၁၅% သို့တိုးမြှင့်ရောက်ရှိရေး ဆောင်ရွက်သွားရန်ဟူသော ရည်မှန်းချက်များကို ကျော်လွန်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

၈။ ထို့အပြင် စီမံကိန်းအကောင်အထည်ဖော်မှု ကာလအတွင်း ပြည်သူများ ငွေရေးကြေးရေး ဝန်ဆောင်မှု လက်လှမ်းမီစေရေးအတွက် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြီးထွားလာမှု၊နိုင်ငံတော်၏စီးပွားရေးပြောင်းလဲတိုးတက်မှု၊ နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းနှင့်ငွေရေးကြေးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအရှိန်အဟုန်ဖြင့် ဝင်ရောက်လုပ်ကိုင်လာမှု၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတို့တွင် ဈေးကွက်ဖြေလျော့မှုများ ဆောင်ရွက်ပေးမှု၊ IT ကဏ္ဍဖွံ့ဖြိုးလာမှု၊ Digital Financial Services များတွင်ကျယ်စွာ အသုံးပြုလာမှုတို့ကြောင့် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် Financial Inclusion Roadmap (2014-2020)ကို ပြင်ဆင်ရေးဆွဲရန် လိုအပ်လာပါသည်။

၉။ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံသစ် (၂၀၁၉-၂၀၂၃) ကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုခွင့်ပြုချက်အားရရှိခဲ့ပါသည်။ အဆိုပါအားလုံးပါဝင်နိုင်သောငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ (၂၀၁၉-၂၀၂၃) ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ တရားဝင် ငွေရေးကြေးရေး ကဏ္ဍတွင် ပါဝင်မှုနှုန်းသည်၂၀၁၉ ခုနှစ်တွင် ၄၈% မှ ၂၀၂၃ ခုနှစ်တွင် ၆၀% သို့ရောက်ရှိစေရန်လည်းကောင်း၊ အရွယ်ရောက်ပြီးသူများမှ ငွေကြေးဝန်ဆောင်မှု တစ်မျိုးထက်ပို၍ အသုံးပြုမှုနှုန်းသည် ၂၀၁၉ ခုနှစ် တွင် ၁၇% မှ ၂၀၂၃ ခုနှစ်တွင် ၂၅% သို့ ရောက်ရှိစေရန်ဖြစ်ပါသည်။ အဆိုပါ လမ်းပြမြေပုံအား ဝင်ငွေနည်းပြည်သူများသို့ ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ SMEs များနှင့် လုပ်ငန်းပမာဏကြီးမားသောလယ်သမားများအားငွေကြေးဝန်ဆောင်မှုပေးခြင်း၊ စုငွေစုဆောင်းခြင်း၊ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် စားသုံးသူများအား ငွေကြေးဆိုင်ရာအသိပညာပေးခြင်းနှင့် အကာအကွယ်ပေးခြင်း စသည့် အဓိကကဏ္ဍကြီး (၅)ရပ် အား သက်ဆိုင် ရာဌာန/အဖွဲ့အစည်းများမှ အဖွဲ့ဝင်များပါဝင်သည့် Working Group (၅) ခုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၀။ လမ်းပြမြေပုံကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်ဖွဲ့စည်းထားပြီးဖြစ်သည့် လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ (Inter-Ministerial Steering Committee)နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးတို့အား လမ်းပြမြေပုံ ရည်မှန်းချက်နှင့် လျော်ညီစွာ ပြင်ဆင်ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UNCDF၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ငွေကြေးဝန်ဆောင်မှုပေးသူများအပါအဝင် သက်ဆိုင်သူများအားလုံး မှပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Financial Inclusion Roadmap Implementation လုပ်ငန်းစဉ်သည် အာဆီယံဒေသတွင်းနိုင်ငံများမှ အကောင်အထည်ဖော်လျက်ရှိသည့် ASEAN Economic Community Blue Print 2020-2025 တွင်လည်း ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သဖြင့် ASEAN Financial Inclusion Monitoring and Evaluation Framework Guidance Notes နှင့်အညီ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ (Inter-Ministerial Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လမ်းပြမြေပုံအကောင်အထည်ဖော်ရေး အသေးစိတ် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် (Detail Action Plan) ရေးဆွဲခြင်းအတွက် မူဝါဒလမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) လမ်းပြမြေပုံတွင်ပါဝင်သော ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ ) လမ်းပြမြေပုံအကောင်အထည်ဖော်ရေးအတွက် လိုအပ်သော စာရင်းဇယားအချက်အလက်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သူများအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးအတွက် UNCDF ၊ DaNa Facility ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partner) နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င ) လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်မှုတွင်တွေ့ကြုံရသောအခက်အခဲများ ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း၊

(စ ) လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများအားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရသို့ အစီရင်ခံ တင်ပြခြင်း၊

(ဆ) နိုင်ငံတော်အစိုးရနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ချမှတ်ပေးသော ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်သည့် မူဝါဒလုပ်ငန်းစဉ်များအား အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) ကမ္ဘာလုံးဆိုင်ရာနှင့် အာဆီယံဒေသတွင်း အကောင်အထည်ဖော်မည့် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး လိုအပ်သည့် လမ်းညွှန်မှုမူဝါဒ များ ချမှတ်ဆောင်ရွက်ခြင်း။

၁၂။ ဝင်ငွေနည်းအိမ်ထောင်စုများအတွက်ငွေရေးကြေးရေးလက်လှမ်းမီမှုလုပ်ငန်းအဖွဲ့ (Finance for the Low Income Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ အာမခံလုပ်ငန်း၊ သမဝါယမနှင့် State-Owned Commercial Banks များစသည့် အရေးပါသောကဏ္ဍများ ပြုပြင်ပြောင်းလဲရေးနှင့် အဆိုပါလုပ်ငန်းများ ကျေးလက်ဒေသများသို့ ရောက်ရှိစေရေးအတွက် Working Group အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများကျင်းပရန်၊

(ခ) ဝင်ငွေနည်းပြည်သူများအတွက် အလွန်အရေးပါသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့်စပ်လျဉ်း၍ အခွင့်အလမ်းများနှင့် အတားအဆီးများအား ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပွင့်လင်းမြင်သာမှုရှိမှုနှင့် တရားမျှတမှုရှိစွာဖြင့် ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန်၊ အမျိုးမျိုးသောငွေကြေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ပြုမှုများကို မြှင့်တင်ရန်၊

(ဃ) ဝင်ငွေနည်းပြည်သူများအတွက် ထိရောက်သော ကူညီပံ့ပိုးမှုများ ဖြစ်ပေါ်စေမည့် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် မူဝါဒများချမှတ်ရာတွင် ကူညီပံ့ပိုးပေးရန်၊

(င) စိုက်ပျိုးရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကိုအကာအကွယ်ပေးနိုင်မည့်အာမခံဝန်ဆောင်မှု ၊ငွေကြေးဝန်ဆောင်မှုများကိုကျေးလက်ဒေသများသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရေး ကူညီဆောင်ရွက်သွားရန်၊

(စ ) ငွေကြေးဝန်ဆောင်မှုအား ရေရှည်ဆောင်ရွက်နိုင်စေရန် သမဝါယမအခန်းကဏ္ဍအားခိုင်မာအားကောင်းလာစေရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အကူအညီပေးရန်၊

(ဆ) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လမ်းပြမြေပုံတိုးတက်မှုအခြေအနေအား (၃)လ (၁) ကြိမ် သုံးသပ်ချက်များ ပေးပို့ရန်နှင့် တိုးတက်မှုရှိသည့်နယ်ပယ်များအား အကြံပြုပံ့ပိုးပေးရန်၊

(ဇ) စောင့်ကြည့် လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်ကိန်းများ၏ တိုးတက်မှု အခြေအနေအား သက်ဆိုင်ရာဌာနများမှ (၆) လ တစ်ကြိမ် သုံးသပ်ချက် များ ပေးပို့ရန်နှင့် အဆိုပါညွှန်ကိန်းများ၏ ရလဒ်များဖြင့် တိုးတက်မှုရှိသည့် နယ်ပယ် များအား အကြံပြု ပံ့ပိုးပေးနိုင်ရန်၊

(ဈ) လုပ်ငန်းအဖွဲ့မှ (၃) လပတ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များအား သတ်မှတ်ဖော်ထုတ်ရန်နှင့် အဆိုပါ လုပ်ငန်းစဉ်များအား ပြီးမြောက် အောင်အကောင်အထည်ဖော်ရေး ဆောင်ရွက်သွားရန်။

၁၃။ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းပမာဏ ကြီးမားသည့် လယ်သမားများအတွက် ငွေရေးကြေးရေးလက်လှမ်းမီမှု လုပ်ငန်းအဖွဲ့ (Finance for SMEs & Emerging Farmers Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) SMEsများနှင့်လယ်ယာစိုက်ပျိုးရေးဆိုင်ရာအငယ်စားစီးပွားရေးလုပ်ငန်းများ အကြား ငွေကြေးဝန်ဆောင်မှုများ ပိုမိုတိုးတက်လာစေရေးအတွက် SMEs ကဏ္ဍတွင် ပါဝင် ဆောင်ရွက်သူများ (Stakeholders) ပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများ ကျင်းပရန်၊

(ခ) SME များ၏ငွေကြေးအရင်းအမြစ် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အလမ်းများနှင့် အတားအဆီးများကို ဖော်ထုတ်ရန်နှင့် အတားအဆီးများကို ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေရန်၊ အခွင့်အလမ်းများအား အကျိုးရှိစွာ အသုံးချ ဆောင်ရွက်သွားရန်၊

(ဂ) SME ကဏ္ဍအတွင်း အရည်အသွေးမြှင့်တင်ခြင်းနှင့် အသိပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ကူညီပံ့ပိုးသွားရန်၊

(ဃ) Modern Secured Lending System၊ Credit Guarantee နှင့် Credit Information Systems အပါအဝင် စွန့်စားမှုစီမံခန့်ခွဲခြင်းဆိုင်ရာစနစ်များ ဖွံ့ဖြိုးလာစေရေး ကူညီ သွားရန်၊

(င) SME လုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော ငွေကြေးဝန်ဆောင်မှုများဖြစ် လာစေရေးအတွက် ငွေကြေးဝန်ဆောင်မှုပေးသူများအကြား ပူးပေါင်းဆောင်ရွက်မှု ကို မြှင့်တင်သွားရန်၊

(စ) SME များနှင့် လုပ်ငန်းပမာဏကြီးမားသော လယ်သမားများအတွက် ထိရောက်သော ကူညီပံ့ပိုးမှုများ ဖြစ်ပေါ်လာစေရေး ညွှန်ကြားချက်များနှင့် မူဝါဒများ ချမှတ်ရာတွင် အားပေးကူညီဆောင်ရွက်သွားရန်၊

(ဆ) Green Finance ၊ Stock and Bond Markets ၊ Behavioral-based credit scoring and crowdfunding ကဲ့သို့အခြားသော ငွေကြေးဆိုင်ရာ နည်းပညာများအပါအဝင် SME များ ငွေကြေးအရင်းအမြစ်ရရှိစေနိုင်သည့် နည်းလမ်းများ၊ စနစ်များဖွံ့ဖြိုးလာစေရေး အားပေးကူညီရန်၊

(ဇ ) ဘဏ်များအနေဖြင့် MFI များ၊ SME များနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ချေးငွေများ ပိုမိုထောက်ပံ့နိုင်ရေးအတွက် ဘဏ်များ၏ ပြုပြင်ပြောင်းလဲမှုများအား အကူအညီ ပေးသွားရန်၊

(ဈ) Myanmar SME Development Master Plan ပါလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ည) (၃) လပတ် ညွှန်းကိန်းများ ကောက်ခံ၍ လမ်းပြမြေပုံနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၏ တိုးတက်မှုအခြေအနေအား သုံးသပ်ချက်များပေးပို့၍ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြု ပံ့ပိုးပေးနိုင်ရန်၊

(ဋ) စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်ကိန်းများ၏ တိုးတက် မှုအခြေအနေအား သက်ဆိုင်ရာဌာနများမှ (၆) လ တစ်ကြိမ်သုံးသပ်ချက်များပေးပို့ရန်နှင့် အဆိုပါညွှန်ကိန်းများ၏ ရလဒ်များဖြင့် တိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြု ပံ့ပိုးပေးနိုင်ရန်၊

(ဌ) လုပ်ငန်းအဖွဲ့မှ (၃) လပတ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား သတ်မှတ်ဖော်ထုတ်ရန်နှင့် အဆိုပါလုပ်ငန်းစဉ်များအား ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

၁၄။ ငွေကြေးစုဆောင်းရန် လှုံ့ဆော်ရေး လုပ်ငန်းအဖွဲ့ (Saving Mobilization Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သမာရိုးကျနှင့် နည်းလမ်းအသစ်များမှတဆင့် စုငွေစုဆောင်းခြင်းပိုမိုတိုးတက်လာစေရေးအတွက် ကဏ္ဍအတွင်း ဆောင်ရွက်သူများ ပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများ ကျင်းပရန်၊

(ခ) စုငွေစုဆောင်းမှု မြှင့်တင်ရေးမူဝါဒ၊ စုငွေစုဆောင်းရေးအတွက် အသုံးပြုမည့် အခြေခံအဆောက်အဦ၊ အကောင်အထည်ဖော်ရေးအစီအစဉ်တို့ပါဝင်ပြီး Credit Eco-system နှင့် ချိတ်ဆက်၍ National Savings Mobilization Strategy အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ ဖော်ထုတ်ရန်နှင့် အကူအညီပေးရန်၊

(ဂ ) စုငွေစုဆောင်းခြင်း၊ စုငွေလှည့်လည်သုံးစွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းအပါအဝင် စုငွေနှင့် သက်ဆိုင်သည့် အခွင့်အလမ်းနှင့် အတားအဆီးများအား ဖော်ထုတ်ရန်နှင့်

အတားအဆီးများအား ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေရန်၊ အခွင့်အလမ်းများကို အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားရန်၊

(ဃ) ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိစွာဖြင့် စုငွေစုဆောင်းမှုများကို ဆောင်ရွက်နိုင်ရန်၊ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ပြုမှုများကို မြှင့်တင်ရန်၊

(င ) စုငွေစုဆောင်းခြင်းအလေ့အထများ ပိုမိုတိုးတက်လာစေရေး ညွှန်ကြားချက်များ၊ မူဝါဒများထုတ်ပြန်နိုင်ရေးအတွက် အားပေးကူညီသွားရန်၊

(စ) စုငွေစုဆောင်းမှုကို အားပေးမြှင့်တင်နိုင်သည့် လုပ်ဆောင်ချက်များအား အခြားသောအမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များနှင့်ချိတ်ဆက်မှုကို ဖော်ထုတ်အားပေးရန်နှင့် ပူးတွဲလုပ်ဆောင်ရန်၊ (ဥပမာအားဖြင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု)၊

(ဆ) စုငွေစုဆောင်းမှုများ ကျေးလက်ဒေသအထိ ကျယ်ပြန့်စွာရောက်ရှိစေရန်၊ ပြည်သူများ ဝင်ငွေရရှိမှု ကောင်းမွန်စေရန်၊ အရေးပေါ်ဆုံးရှုံးမှုနှင့် ငွေကြေးလိုအပ်မှုများကို ဖြေရှင်းဆောင်ရွက်ရန်၊ အသင်းဝင်များ၏ ပိုင်ဆိုင်မှုများ စုစည်းတိုးတက်စေရန် တီထွင်ဆန်းသစ်သောပုံစံများ၊ဖြေရှင်းဆောင်ရွက်မှုများ သတ်မှတ်ဖော်ထုတ် ဆောင်ရွက်ရန်၊

(ဇ) (၃) လပတ်ညွှန်ကိန်းများ ကောက်ခံ၍ လမ်းပြမြေပုံနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များ၏ တိုးတက်မှုအခြေအနေများအား သုံးသပ်ချက်များပေးပို့၍ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြုပံ့ပိုးပေးနိုင်ရန်၊

(ဈ) စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်ကိန်းများ၏ တိုးတက်မှုအခြေအနေအား သက်ဆိုင်ရာဌာနများမှ (၆) လ တစ်ကြိမ်သုံးသပ်ချက်များ ပေးပို့ရန်နှင့် အဆိုပါညွှန်ကိန်းများ၏ ရလဒ်များဖြင့် တိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြုပံ့ပိုးပေးနိုင်ရန်၊

(ည) လုပ်ငန်းအဖွဲ့မှ (၃) လပတ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဖော်ဆောင်ရန်နှင့် အဆိုပါလုပ်ငန်းစဉ်များအား ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

၁၅။ ဒစ်ဂျစ်တယ် ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းအဖွဲ့ (Digital Financial Services (DFS) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များအား

Digital Financial Services (DFS) Stakeholders များပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများကျင်းပရန်၊

(ခ) မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုများအား ကျယ်ပြန့်စွာ အသုံးပြုခြင်း၊ ထိထိရောက်ရောက်အသုံးချခြင်းဆိုင်ရာ အခွင့်အလမ်းများနှင့် အတားအဆီးများကို ဖော်ထုတ်ရန်၊

(ဂ) ပွင့်လင်းမြင်သာစွာနှင့်တရားမျှတမှုရှိစွာဖြင့်ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန်၊ အမျိုးမျိုးသော ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ပြုမှုများကို မြှင့်တင်ရန်၊

(ဃ) အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍဆိုင်ရာမူဝါဒများ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများ ချမှတ်ရာတွင် အကူအညီပေးရန်၊

(င) တရားဝင်ငွေကြေးဝန်ဆောင်မှုများ ကျယ်ပြန့်လာစေရေးအတွက် အသိပညာဗဟုသုတမျှဝေခြင်းဖြင့် တီထွင်ဆန်းသစ်သော Models နှင့် Solutions ဖွံ့ဖြိုးတိုးတက်မှုများကို အားပေးရန်၊

(စ) ပုဂ္ဂလိက ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများအား Regulators များ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကူညီပံ့ပိုးပေးရန်။

၁၆။ ငွေရေးကြေးရေး စွမ်းဆောင်နိုင်မှုနှင့် သုံးစွဲသူများကို အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ (Empowering Customers Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူများမှ ဒစ်ဂျစ်တယ်စနစ်နှင့် ငွေကြေးအသိပညာမြင့်မားလာစေရေးအတွက် ပါဝင်ဆောင်ရွက်သူများ (Stakeholders) ပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများကျင်းပရန်၊

(ခ) ငွေကြေးအသိပညာဖြန့်ဝေခြင်းနှင့် သုံးစွဲသူများအား အကာအကွယ်ပေးရေးအတွက် အဓိကနယ်ပယ်များနှင့် သက်ဆိုင်သည့် အခွင့်အလမ်းများနှင့် အတားအဆီးများကို ဖော်ထုတ်ရန်၊

(ဂ) အာဆီယံ၏ လမ်းညွှန်ချက်များနှင့်အညီ National Digital and Financial Literacy Strategy အကောင်အထည်ဖော် ဆောင်ရွက်မှုများ တိုးတက်လာစေရေး အထောက်အပံ့ပြုရန်၊

(ဃ) ငွေကြေးဝန်ဆောင်မှုပေးသူများအကြား တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ငွေကြေးဝန်ဆောင်မှုအလေ့အထများ၊ အသင်းဝင်ကာကွယ်ရေးဥပဒေသများကို အလေးထားလိုက်နာကျင့်သုံးရေး၊ လူမှုနယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးအသိပညာပေးရေးအစီအစဉ်များအား မြှင့်တင်ရန်၊

(င) ငွေကြေးအသိပညာပေးရေးအစီအစဉ်များနှင့် ငွေကြေးဝန်ဆောင်မှုများပေးရာတွင် ငွေကြေးဝန်ဆောင်မှုပေးသူများ အချင်းချင်း မိတ်ဖက်ပြု၍ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်၊

(စ) ငွေကြေးဝန်ဆောင်မှုဆိုင်ရာအသိပညာပေးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာစေရေး ညွှန်ကြားချက်များ၊ မူဝါဒများထုတ်ပြန်နိုင်ရေးအတွက် အားပေးကူညီသွားရန်၊

(ဆ) ကဏ္ဍအတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းစဉ်များနှင့် ဆက်စပ်မှုရှိသော တီထွင်ဆန်းသစ်မှုပုံစံနှင့် နည်းလမ်းများဖွံ့ဖြိုးလာစေရေး ကူညီသွားရန်၊

(ဇ) ကျား/မ တန်းတူညီမျှမှုအပေါ် အခြေခံသည့် ငွေကြေးနှင့် ဒီဂျစ်တယ်အသိပညာပေးရေးအစီအစဉ်များကို ဖော်ထုတ်ဆောင်ရွက်သွားရန်၊

(ဈ) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လမ်းပြမြေပုံ တိုးတက်မှုအခြေအနေအား (၃) လ (၁) ကြိမ် သုံးသပ်ချက်များ ပေးပို့ရန်နှင့် တိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြုပံ့ပိုးပေးရန်၊

(ည) စောင့်ကြည့်လေ့လာခြင်းနှင့်သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာညွှန်ကိန်းများ၏တိုးတက်မှုအခြေအနေအား သက်ဆိုင်ရာဌာနများမှ (၆) လ တစ်ကြိမ် သုံးသပ်ချက် များပေးပို့ရန်နှင့် အဆိုပါညွှန်ကိန်းများ၏ ရလဒ်များဖြင့် တိုးတက်မှုရှိသည့် နယ်ပယ်များအား အကြံပြုပေးပို့ရန်၊

(ဋ) လုပ်ငန်းအဖွဲ့မှ (၃) လပတ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဖော်ဆောင်ရန်နှင့် အဆိုပါလုပ်ငန်းစဉ်များအား ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

**မြန်မာနိုင်ငံတွင်အားလုံးပါဝင်နိုင်သောငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရည်မှန်းချက်ထားရှိမှုနှင့် အောင်မြင်မှုရရှိခဲ့သည့်အခြေအနေ**

| စဉ် | အကြောင်းအရာ | ၂၀၁၃ ခုနှစ် MAP Survey ၏ အခြေခံ တိုင်းတာချက် | ၂၀၂၀ ပြည့်နှစ်တွင် ရောက်ရှိရန် သတ်မှတ် ရည်မှန်းချက် | ၂၀၁၈ ခုနှစ် MAP Refresh Survey ၏ အခြေခံ တိုင်းတာချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံ၏ငွေရေးကြေးရေး ကဏ္ဍတွင်ပါဝင်နိုင်မှုရာခိုင်နှုန်း (အရွယ်ရောက်ပြီးသူဦးရေ အပေါ် အခြေခံပါသည်) | ၃၀ ရာခိုင်နှုန်း | ၄၀ ရာခိုင်နှုန်း | ၄၈ ရာခိုင်နှုန်း | မူလခန့် မှန်းချက်ကို ကျော်လွန်ခဲ့ ပါသည် |
| ၂ | အရွယ်ရောက်ပြီးသူဦးရေတွင် တရားဝင်ငွေကြေးဝန်ဆောင် မှုတစ်မျိုးကို အသုံးပြုနိုင်သည့် ရာခိုင်နှုန်း | ၆ ရာခိုင်နှုန်း | ၁၅ ရာခိုင်နှုန်း | ၁၇ ရာခိုင်နှုန်း | မူလခန့် မှန်းချက်ကို ကျော်လွန်ခဲ့ ပါသည် |
| ၃ | တောင်သူ၊ လယ်သမားများက ငွေကြေးဝန်ဆောင်မှု အခွင့် အလမ်း တိုးတက်ရရှိနိုင်မှု ရာခိုင်နှုန်း | ၄၃ ရာခိုင်နှုန်း | ၅၁ ရာခိုင်နှုန်း | ၅၂ ရာခိုင်နှုန်း | မူလခန့် မှန်းချက်ကို ကျော်လွန်ခဲ့ ပါသည် |
| ၄ | MSMEs များက ငွေကြေးဝန်ဆောင်မှု အခွင့် အလမ်း တိုးတက်ရရှိနိုင်မှု ရာခိုင်နှုန်း | ၃၀ ရာခိုင်နှုန်း | ၄၀ ရာခိုင်နှုန်း | ၅၀ ရာခိုင်နှုန်း | မူလခန့် မှန်းချက်ကို ကျော်လွန်ခဲ့ ပါသည် |
| ၅ | ဝင်ငွေနည်းအိမ်ထောင်စုများ ကငွေကြေးဝန်ဆောင်မှု အခွင့် အလမ်း တိုးတက်ရရှိနိုင်မှု ရာခိုင်နှုန်း | ၁၅ ရာခိုင်နှုန်း | ၂၈ ရာခိုင်နှုန်း | ၃၈ ရာခိုင်နှုန်း | မူလခန့် မှန်းချက်ကို ကျော်လွန်ခဲ့ ပါသည် |


Myanmar Financial Inclusion Roadmap
Launching Ceremony
1st April 2015
MICC I, Nay Pyi Taw


UN
CDF
MOPF
DaNa Facility
UKaid
FinScope Launch and MAP Refresh Diagnostic
Stakeholder Workshop 2018


MOPF
DaNa Facility
UKaid
FinScope Launch and MAP Refresh Diagnostic
Stakeholder Workshop 2018
Kempinski Hotel, Nay Pyi Taw


MOPF
DaNa Facility
UKaid
National Financial